ROUNDTABLE
Human Rights
in Tourism





# မြန်မာ့လူ့အခွင့်အရေး အကျိုးသက်ရောက်မှု အစီရင်ခံစာ

တန်ဖိုးကွင်းဆက်ကို ဦးတည်ထားသော ဤလူ့အခွင့်အရေး အကျိုးသက်ရောက်မှု
အစီရင်ခံစာကို ခရီးသွား ကဏ္ဍ လူ့အခွင့်အရေးစကားဝိုင်း
(The Roundtable Human Rights In Tourism E.V)
မှ ဆောင်ရွက်ထားပါသည်။

focus
right

## မြန်မာ့လူ့အခွင့်အရေး အကျိုးသက်ရောက်မှု အစီရင်ခံစာ

တန်ဖိုးကွင်းဆက်ကို ဦးတည်ထားသော ဤလူ့အခွင့်အရေး အကျိုးသက်ရောက်မှု အစီရင်ခံစာကို ခရီးသွား ကဏ္ဍ လူ့အခွင့်အရေးစကားဝိုင်း (The Roundtable Human Rights In Tourism E.V) မှဆောင်ရွက်ထားပါသည်။

**အစီရင်ခံစာ အနှစ်ချုပ်**

ဤအစီရင်ခံစာတွင် ထိုင်းနိုင်ငံနှင့် မြန်မာနိုင်ငံတို့တွင် စက်တင်ဘာလ ၂၀၁၉တွင် ပြုလုပ်ခဲ့သော ဥရောပ ခရီး သွားဂန် ဆောင်မှုလုပ်ငန်း၏ အမြင်ရှုထောင့်မှ တန်ဖိုးကွင်းဆက်ကို ဦးတည်ထားသော လူ့အခွင့်အရေး သက် ရောက်မှု အကဲဖြတ်မှတ်တမ်းပါ အဓိက တွေ့ရှိချက်များကို စုစည်းတင်ပြထားပါသည်။ ဤအစီရင်ခံစာတွင် ဥရောပ ခရီး သွားဂန်ဆောင်မှုလုပ်ငန်းများမှ ဖော်ပြပါ နိုင်ငံနှစ်နိုင်ငံတွင် ၎င်းတို့၏ ခရီးသွားအစီအစဉ်များမှ လူ့အခွင့်အရေး အပေါ် ကောင်း ကျိုးများ ပိုမိုရရှိအောင်ဆောင်ရွက်ပြီး ဆိုးကျိုးသက်ရောက်မှုနည်း အောင် ပြုလုပ်နိုင်မည့် တိကျ သော တိုင်းတာချက်များပါ ထင်မြင်ချက်များကို သာမက ခရီးသွားဂန်ဆောင်မှု လုပ်ငန်းများ အတွက် ကုလသမဂ္ဂ၏ စီးပွားရေးကဏ္ဍနှင့် လူ့အခွင့်အရေး လမ်းညွှန် စည်းကမ်းများ အတိုင်း ရှေ့လျှောက်လူ့အခွင့် အရေးအကျိုး သက်ရောက်မှု အကဲဖြတ်ခြင်းများ ပြုလုပ်နိုင်ရန် သင်ခန်းစာများ ကိုလည်း ဖော်ပြထားပါသည်။

ဤ အစီရင်ခံစာသည် Roundtable Human Rights in Tourism (RT) အတွက် အလေ့အကျင့်ကောင်းများ ဖော်ထုတ်ပြီး အစဉ်အလာကောင်းတစ်ရပ်ဖော်ထွန်းစေရေးအတွက် အရေးကြီးခြေလှမ်းဖြစ်ပါသည်။ အသုံးပြုထား သော နည်းစနစ်နှင့် ရလဒ်များသည် ယေဘုယျအားဖြင့် RT အဖွဲ့ဝင်များနှင့် ခရီးသွား ဂန်ဆောင်မှု လုပ်ငန်း တို့ အတွက် လက်တွေ့ကျသောလမ်းညွှန်မှုများပေးနိုင်ရန် အွန်လိုင်းတွင်ရရှိနိုင်သော " ယခုပင်စတင်လုပ်ဆောင်ကြစို့" ဟူသော လက်စွဲကိရိယာနှင့် ယှဉ်တွဲဆောင်ရွက်ထားပါသည်။

| |
|---|
| လူ့အခွင့်အရေး အကျိုး သက်ရောက်မှု အစီရင်ခံစာ သည် ခရီးသွား ဂန်ဆောင် မှုပေးသော ကုမ္ပဏီများ အား ယင်း တို့ လူ့အခွင့်အရေးကိုလေးစား တန်ဖိုးထား ရန် တာဝန်ရှိ ကြောင်း သဘောပေါက်စေရန်၊ ၎င်းတို့၏ ခရီးစဉ်နှင့် လုပ်ငန်း ဆောင်တာ များ သည် ဆက်စပ်ပတ်သက်နေသော လူအသီးသီး၏ လူ့အခွင့်အရေးကို သက်ရောက် မှုရှိ သည်ကို ပိုမိုနားလည်စေရန်နှင့် ၎င်းတို့အနေဖြင့် အန္တရာယ်ဖြစ်နိုင်ခြေရှိသောအရာများကို လျှော့ချပြီး စီမံခန့်ခွဲမှုပြုလုပ်နိုင်ရန် အထောက်အကူပြုပါသည်။ |

## ရည်မှန်းချက်

### ဤအကဲဖြတ်မှု၏ ယေဘုယျရည်မှန်းချက်များမှာ

ဤကဏ္ဍပေါင်းစုံမှ ဆက်စပ်သူများပါဝင်ခြင်းဖြင့် စံနမူနာယူထိုက်သော တန်ဖိုးကွင်းဆက်ကို ဦးတည်ထား သည့် လူ့အခွင့်အရေးအပေါ် သက်ရောက်မှု အကဲဖြတ်ခြင်းကို ဆောင်ရွက်ရာနှင့် ဥရောပခရီးသွားဝန်ဆောင်မှုလုပ် ငန်း၏ အမြင်ရှုထောင့်မှ နောက်ဆက်တွဲတိုင်းတာမှုများပြုလုပ်နိုင်ရန် ။
- RT ၏ လူ့အခွင့် အရေးအကျိုး သက်ရောက်မှု အကဲဖြတ်ခြင်းနည်း စနစ်ကို အခြေခံ ထားသော " ယခုပင် စတင် လုပ်ဆောင် ကြစို့"ဟူသော လက်စွဲကိရိယာကို စမ်းသပ်ရန်၊ ၎င်းကိုပိုမို ကောင်းမွန် လာစေရန် လက်တွေ့ ကျသော အချက်အလက်များ ပံ့ပိုးပေးပြီး လူ့အခွင့်အရေးအကျိုးသက်ရောက်မှု အကဲဖြတ်ခြင်းလုပ်ဆောင်ဖို့ အတွေ့အကြုံရ စေရန်နှင့် RT ၏ ပုံမှန်ဥရောပအသင်းဝင်အနေဖြင့် သင့်လျော်သော နောက်ဆက်တွဲတိုင်းတာမှုများပြု လုပ်နိုင်ရန်။
- ခရီးသွားဝန်ဆောင်မှုလုပ်ငန်းများအား ထိုင်းနိုင်ငံ နှင့် မြန်မာနိုင်ငံရှိ လူ့အခွင့် အရေး အပေါ် သက်ရောက်မှု အခြေ အနေ ၊ ၎င်းတို့ ၏ စီးပွားရေး လုပ်ငန်း လည်ပတ်မှုကြားဆက်စပ်မှုရှိပုံကို ပိုမို နားလည် သဘောပေါက် လာအောင် ဆောင် ရွက် ပေးရန်။
ဤအစီရင်ခံစာ မှ ရရှိလာသော အကျိုးရလဒ် များသည် ခရီးသွား လာရေး လုပ်ငန်းများအတွက် ၎င်းတို့၏ လုပ်ငန်း တန် ဖိုးကွင်းဆက်တစ်လျှောက်ဖြစ်ပေါ်လျှက်ရှိသောလူ့အခွင့်အရေးအပေါ်အကျိုးသက်ရောက်မှုများကိုအကဲဖြတ်နိုင် ရန် မျှော်မှန်းထားပါသည်။

## မြန်မာနိုင်ငံမှ အဓိကတွေ့ရှိချက်များ

အောက် ဖော်ပြပါ အဓိက အကြောင်းအရာ နယ်ပယ်များကို မြန်မာနိုင်ငံ ရှိ ခရီးသွား ဝန်ဆောင်မှု လုပ်ငန်း များ ၏ ခရီးသွားကဏ္ဍ တန်ဖိုးကွင်းဆက်အပေါ် အခြေခံထားကာ အကဲဖြတ်ထားပါသည်။ တွေ့ဆုံညှိနှိုင်း ဆွေးနွေးမှု များ နှင့် ခရီးသွားလုပ်ငန်းများ၏ လွှမ်းခြုံနိုင်မှု အတိုင်းအတာကို အခြေခံကာ အကြောင်းအရာနယ်ပယ်တစ်ရပ်စီအတွက် ထိခိုက်နိုင်မှု အဆင့်နှင့် ကျားကန်နိုင်ခြေကို အသေးစိတ်အဆင့်သတ်မှတ်ပေးထားပါသည်။



**ကလေးသူငယ်အခွင့်အရေး**

ကလေးသူငယ ်တိုသည် ခရီးသွား ကဏ္ဍ မှ သက်ရောက် မှုများ ကြောင့် အများဆုံးထိခိုက် နစ်နာ သူများ ဖြစ်သည်။ မြန်မာ နိုင်ငံ တွင် နေထိုင် နေကြသော ကလေး သူငယ် များသည် ခရီး သွားလာရေး လုပ်ငန်းကြောင့် ပုံစံအမျိုး မျိုးဖြင့် ထိခိုက်မှုရှိနိုင်သည်။ ဥပမာ ဆိုရ သော် ကျောင်းတက် ရမည့်အစား ကလေး လုပ်သားအနေ ဖြင့်အမှတ်တရ ပစ္စည်းများ ရောင်းနေရခြင်း၊ ခရီးသွားလုပ်ငန်း ဈေးကွက မြှင့်တင်ရန် ကလေးမှတောင်းရမ်းခြင်းပြုနေပုံ သိုမဟုတ် ဒေသခံ ကလေးများပုံကို မလျော်ညီစွာ သုံးစွဲခြင်းတိုဖြစ်နိုင်သည်။ ခရီးသွား ဧည့်သည်များအတွက် ကလေး သူငယ်ရှိ သောနေရာများ သိုမဟုတ် စာသင်ကျောင်း များသို့ သွားရောက် လည်ပတ်ခြင်းသည် ပုံမှန် ဖြစ်ရိုးဖြစ်စဉ် သာဖြစ်သည်။ အထူး သဖြင့်ဘုန်းတော်ကြီး ပညာသင်ကျောင်းများအားလည်ပတ်ခြင်း၊ တစ်ခါတစ်ရံ မိဘမဲ့ကျောင်းများို့ သွားရောက် လည်ပတ်ခြင်း များလည်း ရှိသည်။ ကလေးသူငယ် အခွင့် အရေးအဖွဲ့ အစည်းများ အဆိုအရ မြန်မာနိုင်ငံ ၏ ခရီးသွား ကဏ္ဍတွင် ကလေး သူငယ်များ အပေါ် လိင်အမြတ်ထုတ်မှုရှိနေဆဲဖြစ်သည်။

ထိခိုက်မှုနှုန်း : အလယ်အလတ်

ကျားကန်နိုင်ခြေ : မြင့်မား



**ကဏ္ဍစုံညီပါဝင်သော စီးပွားရေး**

မြန်မာ့ခရီးသွားလုပ်ငန်းသည် ကဏ္ဍစုံညီပါဝင်နိုင်သော စီးပွားရေးဖြစ်ပေါ်စေရန် အလွန် ဖြစ်နိုင်ခြေရှိသော လုပ်ငန်းတစ်ရပ်ဖြစ်သည်။ အခြားလုပ်ငန်းကဏ္ဍဥပမာ သတ္တုတူးဖော်ရေး လုပ်ငန်းဖြင့် နှိုင်းယှဉ်ရမည်ဆို ပါကလည်း ဒေသခံတို့ အတွက် ခရီးသွား လုပ်ငန်းတွင် ပါဝင်ပြီး ငွေမှတစ်ဆင့် အကျိုးအမြတ်ရရှိရန် ပိုမိုလွယ်ကူကြောင်း တွေ့ရသည်။ ခရီးသွားကဏ္ဍသည် သမရိုးကျ အတိုင်း တသ မှတ် တည်း လုပ်ကိုင်ရသော လုပ်ငန်းမျိုး မဟုတ်သည့်အပြင် ခရီးသွားလုပ်ငန်းတွင် စီမံခန့်ခွဲရေး ဆိုင်ရာနှင့် အခွန်ပေး ဆောင်မှု ဆိုင်ရာ စိုးရိမ်မှုများအများအပြားမရှိသည့်အတွက် စွန့်ဦးတီထွင်လို စိတ်ရှိသူများ အနေဖြင့် ကိုယ်ပိုင် စီးပွားရေး များ စတင်ပြီး အကျိုး အမြတ်များ ရရှိလာနိုင်သည်။ တစ်ချိန်ထဲမှာ ပင်ခရီးသွား လုပ်ငန်းသည် ထိလွယ် ရှလွယ် သော လုပ်ငန်းတစ်ရပ် ဖြစ်သည် ကိုလည်းသိထားရန် လိုမည်။

ထိခိုက်မှုနှုန်း : အလယ်အလတ်

ကျားကန်နိုင်ခြေ : မြင့်မား



**ယဉ်ကျေးမှုအမွေအနှစ်များ ထိန်းသိမ်းစောင့်ရှောက်ခြင်း**

ထိတွေ့မြင်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်တိုနှင့်အတူ မထိတွေ့မမြင်နိုင်သော ယဉ်ကျေးမှုအမွေအနှစ် တိုကလည်း မြန်မာနိုင်ငံသို့ ခရီးသွားများ လာရသည့် အဓိကအကြောင်းအရင်း ဖြစ်သောကြောင့် ယဉ်ကျေးမှုအမွေ အနှစ်သည် နိုင်ငံ၏ ခရီးသွား ကဏ္ဍဖွံ့ ဖြိုးရေး အတွက် အဓိက အရင်းအမြစ် ဖြစ်သည်။ ခရီးသွား လုပ်ငန်း တွင် ယဉ်ကျေးမှုနှင့် မအပ်စပ်နိုင်သည့် ကိစ္စရပ် များ အပြင် ခရီးသွား ဧည့်သည် များမှ ရိုင်းပြ သည့် အမူအရာ များကို လည်း မြင်တွေ့နိုင်သည်။ ကနဦး ဆွေးနွေး ချက်များ တွင် မကြာမီ ကပင် ပုဂံအား ယူနက်စကို ကမ္ဘာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ်သတ်မှတ်ခဲ့ခြင်းနှင့် ခရီးသွားလုပ်ငန်းမှ ယဉ်ကျေးမှုအမွေအနှစ်ထိန်းသိမ်းရန် မည်ကဲ့သို့ ကူညီပံ့ပိုး နိုင်မည့်အကြောင်း ပါဝင်သည်။ အလွန်အမင်းစိုးရိမ်ဖွယ်နေရသည့်အကြောင်းမှာ ယဉ်ကျေးမှု အမွေအနှစ်များသည်ဖျက်ဆီး ခံရသည်နှင့် တစ်ပြိုင်နက် မည်သိုမှပြန်လည်အစားထိုးမရနိုင်သောကြောင့်ဖြစ်သည်။

ထိခိုက်မှုနှုန်း : မြင့်မား

ကျားကန်နိုင်ခြေ : မြင့်မား



**အလုပ်အကိုင်အနေအထား**

ယေဘုယျအားဖြင့် မြန်မာနိုင်ငံ၏ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်သည့် လုပ်ငန်း များတွင် လုပ်ကိုင်နေသော အလုပ်သမားတို့၏ ဝင်ငွေမှာ နည်းပါးရုံသာမက တရားဝင်အလုပ်သမားစာချုပ် သို့မဟုတ် အလုပ်သမားအခွင့်အရေး ကာကွယ်စောင့်ရှောက်မှု များ လည်းမရှိကြပါ ။ တစ်ခါတစ်ရံတွင် ထိုအလုပ်သမားတိုသည် နေစားအဖြစ် အလုပ်လုပ် ကြပြီး ခရီးသွား ဧည့်သည်ဝင်ရောက်နှုန်း မငြိမ်သက်မှု၊ ခရီးစဉ်အချိန်နှင့် အာမခံအစရှိသော အခက်အခဲများကို ကိုယ်တိုင်ခါးစည်းခံ နေကြရသည်။

ထိခိုက်မှုနှုန်း : အလယ်အလတ်
ကျားကန်နိုင်ခြေ : အလယ်အလတ်-နည်းပါး



**သဘာဝပတ်ဝန်းကျင်ဆိုင်ရာ သက်ရောက်မှုများ**

မြန်မာ့ခရီးသွားလုပ်ငန်းသည် သဘာဝပတ်ဝန်းကျင်အပေါ် နည်းလမ်းအမျိုးမျိုးဖြင့် သက်ရောက်နေမှု ဖြစ်ပေါ်လျက်ရှိရာ ယင်းလုပ ငန်းများကြောင့် ဒေသ တွင်းနေထိုင် သူတို့ ၏ စားဝတ်နေရေး ကိုပါခြုံးရုံးစေနိုင်သည့် အရိပ် အယောင် ရှိနေ သည်။(ဥပမာ-အင်းလေး ကန်ရေညစ်ညမ်းမှုနှင့်ငါးအလွန် အကျွံဖမ်းဆီးခြင်း တိုကြောင့် ဒေသငါးဖမ်း သမားများ ၏ ဝင်ငွေ ကိုထိခိုက် မှုရှိ လာခြင်း) ခရီးစဉ် ဒေသတွင်း သဘာဝ ပတ်ဝန်းကျင် နှင့် ရေဆိုး ရေညစ် ထိန်းသိမ်းမှု စနစ ်စီမံခန့်ခွဲထားခြင်း မရှိသော ကြောင့် ခရီးသွား ဧည့် သည်များ ဝင်ရောက် လာခြင်းက လက်ရှိအခြေအနေကို ပိုမိုဆိုးရွားလာစေပါသည်။

ထိခိုက်မှုနှုန်း : အလယ်အလတ်
ကျားကန်နိုင်ခြေ : အလယ်အလတ်



**ခရီးသွားလုပ်ငန်းစီမံအုပ်ချုပ်မှုယန္တ ရားမရှိခြင်း**

ခရီးသွား လုပ်ငန်းစီမံ အုပ်ချုပ်မှု သည် တစ်နိုင်ငံလုံး အတိုင်း အတာဖြင့် အားနည်းလျှက်ရှိပြီး ထိုမှတစ်ဆင့် မားယွင်း သော စီမံခန့်ခွဲပုံ၊ သက်ရှိတို့၏ နေထိုင်ရာများကို ဖျက်ဆီးမှု နှင့် ခရီးသွားလုပ်ငန်းမှ အကျိုး အမြတ ်များကို မျှမျှ တတ ဖြန့်ဝေမပေးနိုင ခြင်း တိုကိုဖြစ်ပေါ် လာစေ သည်။ဒေသ ဆိုင်ရာ ခရီးစဉ်ဒေသ စီမံခန့်ခွဲရေးအဖွဲ့ အစည်းများ နည်းပါး ခြင်း သို့မဟုတ် မရှိခြင်းနှင့် ဆက်စပ်နေ သော ဝန်ကြီးဌာန များ ကလည်း ခရီးသွားလုပ်ငန်း အောင်မြင်ရေး ပူးပေါင်း ဆောင်ရွက် မှ အားနည်းကြသည်။ စက်တင ်ဘာလ ၂ဝ၁၈တွင် ပြဋ္ဌာန်းလိုက်ပြီးဖြစ်သော မြန်မာ့ခရီးသွား လုပ်ငန်းဥပဒေတွင် ဒေသ ဆိုင်ရာ ခရီးသွားလုပ်ငန် ကော်မတီ ဖွဲ့ပေးခြင်းအားဖြင့် ဗဟိုထိန်း ချုပ်မှုစနစ် ဖြေလျှော့ထားသည်ကိုတွေ့ရသည်။

ထိခိုက်မှုနှုန်း : အလယ်အလတ်-မြင့်မား
ကျားကန်နိုင်ခြေ : နည်းပါး



**လယ်ယာမြေအခွင့်အရေး**

လွန်ခဲ့သောနှစ်များအတွင်း ခရီးသွားလုပ်ငန်း အခြေခံလိုအပ်ချက်များ မြှင့်တင်ရေးအတွက် လယ်ယာမြေများ ကို လိုအပ်ချက် အရ သိမ်းဆည်းခြင်းနှင့် တရားမဝင်သိမ်းဆည်းခြင်းတိုကြောင့် ပဋိပက္ခ အများအပြားကြုံတွေ့နေရသည်။ လယ်ယာမြေသည် မကြာခဏ ဆိုသလို ကျေးလက်လူထုအတွက်  အရေးကြီးသော ပိုင်ဆိုင်မှုဖြစ်သည်။ သိုသော်ငြားလည်း ၎င်းသည် ခေါင်းပုံဖြတ်ခံ ရနိုင်ခြင်းများပြီး လယ်ယာ မြေပိုင်ဆိုင်မှုပြရန် အထောက်အထားနှင့် ကာကွယ်ထားမှု လည်းအနည်းငယ်သာရှိသည်။ ပုဂံယဉ်ကျေးမှုနယ်မြေအတွင်း လာဘ်စားမှု၊ မြေယာခန်ခွဲမှုတိုနှင့် မကြာမီက ပုဂံ     ဒေသ ယူနက်စကို ကမ္ဘာ့အမွေ အနှစ် စာရင်းဝင်ခဲ့ခြင်းမှ ဖြစ်ပေါ်လာမည့် အကျိုး ဆက် များအပေါ်ကြောင့် ကြမကင်း ဖြစ်နေကြသည်။

ထိခိုက်မှုနှုန်း ׃ မြင့်မား

ကျားကန်နိုင်ခြေ ׃ နည်းပါး




Figure 1: Overview of findings in Myanmar = ပုံ (၁) မြန်မာနိုင်ငံမှ တွေ့ရှိချက်များ ခြုံငုံသုံးသပ်ချက်

High = အများဆုံး

Low = အနည်းဆုံး

Severity of human rights impacts = လူ့အခွင့်အရေးထိခိုက်မှုအခြေအနေ

Land rights = လယ်ယာမြေအခွင့်အရေး

Lack of tourism governance = ခရီးသွားလုပ်ငန်းစီမံအုပ်ချုပ်မှုယန္တ ရား

Working Conditions = အလုပ်အကိုင်အနေအထား

Environmental impacts = သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဆိုးကျိုးသက်ရောက်မှုများ

Protection of cultural heritage = ယဉ်ကျေးမှုအမွေအနှစ်များ ကာကွယ်စောင့်ရှောက်ခြင်း

Economic Inclusion = ကဏ္ဍစုံညီပါဝင်နိုင်သော စီးပွားရေး

Children's rights = ကလေးသူငယ်အခွင့်အရေး

Link to Tour operator (Leverage) = ခရီးသွားဝန်ဆောင်မှုလုပ်ငန်းနှင့် ဆက်နွယ်မှု (ကျားကန်အား)

**မြုံငုံသုံးသပ်ချက်**

X ဝင်ရိုး (သက်ရောက်နိုင်စွမ်း)သည် ဉရောပခရီးသွားလုပ်ငန်းများ၏ လက်ရှိနှင့် ဖြစ်နိုင်ခြေရှိသော အကျိုး သက်ရောက် မှုများအပေါ်လွှမ်းမိုးထားနိုင်သည့်အနေ အထားကို ဖော်ပြထားသည်။ သက်ရောက် နိုင်စွမ်း အဆင့် သည် မြန်မာ့ခရီးသွားလုပ်ငန်းများအတွက် ကောင်းကျိုးများ ပိုမိုဖြစ်ထွန်းလာရန်နှင့် ဆိုးကျိုးသက်ရောက်မှုများ လျှော့ချရန် လွှမ်းမိုးနိုင်စွမ်းအခြေအနေကို ဖော်ပြသည်။ သက်ရောက်နိုင်စွမ်းကို ပုံမှန်ခရီးသွားလုပ်ငန်းအဖွဲ့ဝင်၏ ရှုထောင့်မှ အကဲဖြတ်ထားသည်။ ၎င်းကို ခရီးသွား လုပ်ငန်း တစ်ခုချင်းစီက မိမိကုမ္ပဏီအနေအထားနှင့် ဝန်ဆောင်မှု ပေးသည့် ခရီးစဉ် အပေါ် မူတည်၍ သင့်တော်သလို ပြောင်းလဲပြင်ဆင်နိုင်သည်။ Yဝင်ရိုး (ထိခိုက်မှုနှုန်း) သည် လူများအပေါ် ဖြစ်နိုင် ခြေရှိသော သက်ရောက်မှု အဆင့်ကို ဖော်ပြထားသည်။ ထိခိုက် မှုနှုန်းကို လက်ရှိနိုင်ငံတကာ စံနှုန်းအတိုင်း နယ်ပယ်၊ အတိုင်း အတာ၊ ပြန်လည် ကုစား နိုင်ခြင်း တို့အပေါ် အခြေခံ၍ ဆုံးဖြတ် ထားသည်။ " ယခုပင်စတင်လုပ် ဆောင်ကြစို့"ဟူသောလက်စွဲ ကရိယာ တွင် ခရီးသွား ဝန်ဆောင်မှုလုပ်ငန်းများမှ ထိခိုက်မှု နှုန်းနှင့်သက်ရောက်နိုင်စွမ်း (ပေါ်လွင်သောပြဿနာများ)ကိုမည်သို့သတ်မှတ်ရမယ်ကို အသေးစိတ်လမ်းညွှန်ပေးထားသည်။

UN (2011): UNGPs; OECD (2018): OECD Due Diligence Guidance for Responsible Business Conduct.
တာဝန်သိစီးပွားရေးလုပ်ငန်းအတွက် Due Diligence လမ်းညွှန်

RT: Download: "How to prioritize human rights issues according to their impact severity?".
အချက်အလက်လွှဲပြောင်းခြင်း " သက်ရောက်မှုအခြေအနေပေါ်မူတည်၍ လူအခွင့်အရေးပြဿနာကို မည်ကဲ့သို့ ဦးစားပေးလုပ်ဆောင်သင့်သလဲ?"

RT: Download: "How to identify a company's ability to influence ('leverage') impacts on human rights?".
အချက်အလက်လွှဲပြောင်းခြင်း "ကုမ္ပဏီတစ်ခု၏ လူအခွင့်အရေးသက်ရောက်မှုအပေါ် လွှမ်းမိုးနိုင်စွမ်း (သက်ရောက်နိုင်စွမ်း) ဘယ်လ သတ်မှတ်မလဲ?"

## ခရီးသွားလုပ်ငန်းများမှ ဆောင်ရွက်နိုင်သောအရာ

ခရီးသွားလုပ်ငန်းမှပါဝင်နိုင်မှုအနေအထားသည်၎င်း၏သက်ရောက်မှုတစ်ခုချင်းစီရှိ သက်ရောက် နိုင်စွမ်း ပေတွင် အများကြီး မူတည် နေသည်။ "ယခုပင်စတင် လုပ်ဆောင် ကြစို့" (The “”Get Started” tool) ဟူသော လက်စွဲ ကိရိယာသည် ခရီးသွားလုပ်ငန်းများမှာ မိမိသို့တစ်ဦးချင်းစီ သက်ရောက်နိုင်စွမ်းအား မည်သို့သတ်မှတ် ရမည်ကို လမ်းညွှန်ထားသည်။  အောက် ဖော်ပြပါဇယားတွင် ခရီးသွားလုပ်ငန်းများမှ ဆောင်ရွက်နိုင်သော တိုင်းတာမှုနှင့် အမှတ်အသားများကို ဖော်ပြထားသည်။

| တိုင်းတာမှုပုံစံ | ဥပမာများ |
|---|---|
| **မူဂါဒလွှမ်းမိုးမှု** | သက်ဆိုင်ရာအစိုးရဌာနများရှိ စီးပွားရေးအသင်းအဖွဲ့များတွင် ရေရှည် တည်တံ့သော စီးပွားရေး အလေ့အကျင့်ကောင်းများကို ထောက်ခံ ပြောဆိုပေးရန်။ |
| **လူထုအသိပညာပေးခြင်း** | အလုပ်ရုံဆွေးနွေးပွဲနှင့် သင်တန်းများစီစဉ်ပြီး တွေ့ကြုံနေရသောစိန်ခေါ်မှုများ  ဆွေးနွေး အဖြေ ရှာရန်၊သတင်း အချက်အလက်ဆိုင်ရာ စာရွက်စာတမ်းများ ပြုလုပ်ခြင်း သို့မဟုတ် ပစ္စည်း များ ဖြန့်ဝေခြင်း ။ |
| **အပြန်အလှန်ဆွေးနွေးမှု များပံ့ပိုးပေးခြင်း** | ပတ်သက်ဆက်စပ်နေသူ ပေါင်းစုံပါဝင်သော ကနဦးလှုပ်ရှားမှုများတွင် ဝင်ရောက်  ခြင်း၊ တာဝန် သိခရီသွားလုပ်ငန်းဆိုင်ရာ ဆွေးနွေးပွဲများ မှ တစ်ဆင့် လူ့အခွင့်အရေး ပြဿနာများ  ဆွေး နွေး ခင်း ။ |
| **စားသုံးသူအတွက် သတင်းအချက်အလက်** | ဒေသနှင့်ကိုက်ညီသော လူ့ကျင့်ဝတ်အပြုအမူကိုသိရှိအောင် သတင်းအချက်  အလက်များ ဖန် တီးပြီးဖြန့်ဝေပေးခြင်း၊ ဒေသခံများမှပစ္စည်းများ ဝယ်ယူ အားပေးခြင်းဖြင့်  ကူညီ ပေးနိုင်ကြောင်း အသိပညာပေးခြင်း။ |
| **ရုံးတွင်းသင်တန်းပေးခြင်း** | ကုန်ပစ္စည်းဝယ်ယူသည့်ဌာန၊ အရောင်းနှင့်ဈေးကွက်မြှင့်တင်သည့်ဌာန၊ ဝန်ထမ်း ရေးရာဌာန အ စရှိသည်တို့အတွက် သင်တန်းများစီစဉ်ပေးခြင်း။ |
| **စီးပွားရေးမိတ်ဖက် သင်တန်း** | ဧည့်လမ်းညွှန်များ၊ ခရီးသွားကုမ္ပဏီများ၊ ဟိုတယ်များ၊ သယ်ယူပို့ဆောင်ရေး ကုမ္ပဏီများ၊ လေ့ လာရေးခရီးဝန်ဆောင်မှုပေးသူများ အစရှိသူတို့အတွက် သင်တန်းများစီစဉ်ပေးခြင်း ။ |
| **ခရီးစဉ်များဖော်ဆောင်ခြင်း** | ဒေသခံများကို အကျိုးအမြတ်ရစေမည့်ခရီးစဉ်များဖော်ထုတ်ခြင်း၊ လူထုအခြေပြု ခရီးစဉ်များနှင့် ရေရှည်တည်တံ့သော လေ့လာရေးခရီးစဉ်များကို ကြော်ငြာ ပေးခြင်း။ |
| **ဝယ်ယူအားပေးခြင်း အလေ့အကျင့်များကို ပြန်လည်ညှိနှိုင်းခြင်း** | သမ္မာအာဇီဝမကျသော  ကုန်ပစ္စည်း ပေးသွင်းသူများကို နာမည်ဆိုးမှတ်ထားခြင်း၊ စီးပွားရေး အ လေ့အကျင့်  ကောင်း ရှိသူ ထံမှဝယ်ယူအားပေးခြင်း၊ သင့်တင့် မျှတမှုရှိသော   ဈေးနှုန်းစနစ်ကို ထောက်ခံခြင်း။ |
| **စီးပွါးမိတ်ဖက် လိုက်နာ ရမည့်ကျင့်ဝတ်မူဘောင်များ** | ပစ္စည်းတင်သွင်း   သူလိုက်နာ ရမည့် ကျင့်ဝတ ်များချမှတ်ပြီး လက်တွေ့ အသုံးချခြင်း၊ ပစ္စည်း တင်သွင်း သူထံသို့ ပုံမှန် လည်ပတ် စစ်ဆေး မှုများ ပြုလုပ်ခြင်း။ |

ဇယား (၁)ခရီးသွားလုပ်ငန်းမှ တိုင်းတာမှုများ

ROUNDTABLE
Human Rights
in Tourism

**The Roundtable Human Rights in Tourism e. V.** is an international non-profit multi-stake- holder initiative promoting human rights. The Roundtable acts as a network between tourism businesses, travel associations and non-governmental organizations to support the imple- mentation of the UN Guiding Principles on Business and Human Rights (UNGPs) through pre- venting, addressing and remedying human rights abuses along the supply chain of tourism businesses. Membership in the Roundtable is open to all tourism businesses, travel associa- tions, NGOs and industry participants (certifiers, institutions, multipliers etc.) that commit themselves to the principles of the Roundtable.

humanrights-in-tourism.net

focus
right

**focusright ltd** . works with companies from various sectors to strengthen their management systems to identify and address their human rights risks – both in their operations and in their extended value chains. focusright ltd. advises on embedding relevant policies, designing human rights due diligence processes, managing supply chain risks and structuring remedies in line with the UNGPs. focusright ltd. provides guidance on implementing human rights-relat- ed regulations such as the UK Modern Slavery Act, recommends actions to take to tackle systemic human rights issues and conducts human rights impact assessments in higher-risk environments.

focusright.ch

This project was funded by the Swiss Federal Department of Foreign Affairs (FDFA) and the German Society for International Cooperation (GIZ) on behalf of the German Federal Ministry for Economic Cooperation and Development (BMZ).

On-site assessment:

Schweizerische Eidgenossenschaft
Confédération suisse
Confederazione Svizzera
Confederaziun svizra

Federal Department of Foreign Affairs FDFA

Get-started tool:

giz Deutsche Gesellschaft
für Internationale
Zusammenarbeit (GIZ) GmbH